# စိန်အင်ဒရူးပွဲနေ့

ရှင်မာတေဦး ၄း၁၈-၂၂

ယေရှုဘုရားရှင်က သူ့နောက်ကိုလိုက်ဖို့ ပထမဦးဆုံး အခေါ်ခံရတဲ့သူကတော့ တပည့်တော်ကြီးစိန်အင်ဒရူးဖြစ်ပါတယ်။ အခုလို ခေါ်တော်မူတာက ယေရှုဘုရားရှင်လို တရားဟောပြောဖို့ ခေါ်တော်မူတာဖြစ်ပါတယ်။ ကျနော်တို့ ခရစ်ယာန်တွေအားလုံးဟာလည်း ဆေးကြောခြင်းကိုခံယူကြကတည်းက တရားဟောဖို့ ခေါ်တော်မူခြင်း ခံကြရတာပါပဲ။

ဘယ်သူ့ကို စဟောရမလဲဆိုရင် စိန်အင်ဒရူးလို သူနဲ့အရင်းအနှီးဆုံးသူ့အကို ရှင်ပေတရူးကို စပြောခဲ့ပါတယ်။ “ငါတို့သည် မက်ဆီးယားကို တွေ့ခဲ့ကြလေပြီ(ယောဟန် ၁း၄၀)” လို့ ရှင်ပေတရူးကို ယေရှုဘုရားရှင်နဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။ ကျနော်တို့ဘယ်နှစ်ယောက်ကများ ကိုယ်နဲ့ ရင်းနှီးတဲ့ ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုးသားချင်း၊ ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းတွေကို ဘုရားသခင်နဲ့ မိတ်ဆက်ပေးခဲ့ကြဖူးပါသလဲ။

တရားဟောတယ်ဆိုလို့ ကျနော်တို့ မြင်ဖူးနေကျ လူတွေအများကြီးရှေ့မှာ ကျမ်းစာအုပ်ကိုင်ပြီး ဟောပြောနေတာကိုပဲ ဆိုလိုတာ မဟုတ်ပါဘူး။ သင်နဲ့ ဘုရားနဲ့ ပေါင်းစပ်လို့ ပြောင်းလဲလာတဲ့ သင့်အကျင့်တွေ၊ အပြောအဆိုတွေ ၊ စိတ်နေစိတ်ထားတွေကို ပြရမှာ ဖြစ်ပါတယ်။ ယေရှုဘုရားရှင်နဲ့အတူ သွားလာနေထိုင်ခဲ့တဲ့ စိန်အင်ဒရူးက သူပြောင်းလဲလာတဲ့ပုံစံအတိုင်း လူတွေကို ဘုရားဆီ ခေါ်သွားလေ့ရှိပါတယ်။ မုန့်ငါးလုံးနဲ့ ငါးနှစ်ကောင်ကို တန်ခိုးတော်နဲ့ ပွါးများစေပြီးတော့ လူငါးထောင်ကျော်ကို ကျွေးခဲ့တဲ့ဖြစ်ရပ်တုံးကလည်း စိန်အင်ဒရူးက မုန့်ငါးလုံးပါလာတဲ့ကလေးတစ်ယောက်ကို ယေရှုဘုရားထံ ခေါ်လာခဲ့တယ်ဆိုတာ ဖတ်ရပါတယ်။ နောက်ပြီး ဂရိတ်လူမျိုးတွေက

သခင်ယေရှုကို တွေ့ဖူးချင်တယ်လို့ တပည့်တော်ကြီးဖိလစ်ကို ပြောခဲ့တုံးက ဖိလစ်ကလည်း စိန်အင်ဒရူးကို တစ်ဆင့်ပြောပြီး သခင်ယေရှုနဲ့ ဆုံတွေ့စေခဲ့ပါတယ်။

စိန်အင်ဒရူးက သူခံစားရတဲ့ခေါ်တော်မူခြင်းကို တရားတော်အတွက် အသေခံတဲ့အထိ သစ္စာရှိရှိ လိုက်လျှောက်ခဲ့ပါတယ်။ ကျနော်တို့ ခရစ်ယာန်တွေအားလုံးကိုလည်း ဘုရားက သူ့လို သန့်ရှင်းမြင့်မြတ်ဖို့ ခေါ်တော်မူပါတယ်။ လူတွေက ထင်ကြတယ်။ သန့်ရှင်းမြင့်မြတ်ဖို့ဆိုတာ ဘုန်းကြီး သီလရှင်တွေပဲ ခေါ်တာပါ။ ငါတို့ သာမန်လူတွေက သန့်ရှင်းမြင့်မြတ်စရာ မလိုပါဘူးလို့ အထင်ရှိကြပါတယ်။ ဒါဟာ နားလည်မှု လွဲချော်နေတာပါပဲ။ လူတိုင်းကို ရဟန္တာဖြစ်ဖို့ ခေါ်တော်မူတာပါ။ တစ်နည်းအားဖြင့် ယေရှုဘုရားရှင်ရဲ့ စိတ်နေသဘောထားအတိုင်း ကျင့်ကြံကြဖို့ ခေါ်တော်မူထားတာပါ။

စိန်အင်ဒရူးကလည်း ယေရှုဘုရားရှင်နဲ့ အတူရှိနေပြီး တရားတော်ကို အမြဲနားထောင် စဉ်းစားဆင်ခြင်နေလို့ ယေရှုဘုရားရှင်ရဲ့ စိတ်နေသဘောထားအတိုင်း သူ ဖြစ်လာတာပါ။ တခါတုံးကလည်း တစ်ညလုံး ငါးဖမ်းတာ တစ်ကောင်မျှ မရကြပေမဲ့ ကိုယ့်လောက်တောင် ငါးဖမ်း မကျွမ်းကျင်တဲ့လက်သမား သခင်ယေရှုကို နာခံပြီး ပိုက်ကွန်ချတဲ့အခါမှာတော့ ငါးတွေအများကြီးမိခဲ့ပါတယ်။ ကျနော်တို့ ပြောင်းလဲဖို့အတွက် ၊ သန့်ရှင်းမြင့်မြတ်ဖို့အတွက် ဘုရားကို နာခံဖို့ လိုအပ်ပါတယ်။

စိန်အင်ဒရူးကဲ့သို့ ယေရှုဘုရားရှင်ရဲ့နောက်လိုက်ကောင်းဖြစ်ကြပြီး နောက်ဆုံးသောနေ့မှာ “ ကောင်းပေစွ၊ သစ္စာရှိသောယ်သားကောင်း၊ “သင့်သခင်၏ဘုန်းစည်းစိမ်၌ပါဝင်စံစားလော”လို့ ဘုရားက သင့်ကို ကောင်းကင်နိုင်ငံတော်မှ ကြိုဆိုတော်မူပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။